


relationships & reproductive health


Burmese | မြန်မာ

# မျိုးပွားခြင်းနှင့်ဆိုင်သော စနစ်




Fallopian
Tubes
Ovary
Bladder
Uterus
Urethra
Cervix
Clitoris
Vagina
Vulva


ဆီးအိမ်
ဆီးကျိတ်
သုက်ရည်ပြွန်
သုက်ရည်အိတ်
ဆီးလမ်းကြောင်း
အမျိုးသား
လိင်အင်္ဂါ
ဝှေးစေ့
ကပ္ပါယ်အိတ်


Bladder
Prostate
Vas deferens
Seminal vesicle
Urethra
Penis
Testicle
Scrotum

**အမျိုးသမီး၏ အင်္ဂါအစေ့ငယ်** – လှုံ့ဆော်မှုကို တုံ့ပြန်ခံစားတတ်သောနေရာ၊ များသောအားဖြင့် သာယာမှု ပေးတတ်သည်။

**အမျိုးသမီး အင်္ဂါဇာတ်** – ခြေထောက်နှစ်ချောင်းကြား၌ရှိ၍ ခန္ဓာကိုယ်ပြင်ပတွင်ရှိသော အခေါက်များ

**မွေးလမ်းကြောင်း** – ကလေးမီးဖွားထွက်လာနိုင်သည့်လမ်းကြောင်း၊ ရာသီလာချိန်တွင် ရာသီသွေးဆင်းသည့်နေရာ

**သားအိမ်** – ရာသီလာချိန်တွင် ရာသီသွေး စဆင်းသည့် နေရာ၊ သန္ဓေသား ကြီးထွားဖွံ့ဖြိုးနိုင်သည့်နေရာ

**မျိုးဥပြွန်များ** – မျိုးဥအိမ်များထဲမှ မျိုးဥများသည် သားအိမ်ထဲသို့ မျိုးဥပြွန်များမှတဆင့် ဖြတ်ဆင်းသွားသည်။

**မျိုးဥအိမ်များ** – မျိုးဥများရှိပြီး ဟော်မုန်းများ ထုတ်ပေးသည်။ အရွယ်ရောက်သည့်အချိန်မှစပြီး မျိုးဥအိမ်များက ဟော်မုန်းများကို စတင်လွှတ်ပေးကာ မီးယပ်သွေးဆုံးချိန်အထိ သက်တမ်းစေ့ပြီဖြစ်သော မျိုးဥ တစ်ခု သို့မဟုတ် ထို့ထက်ပိုပြီး လစဉ် လွှတ်ပေးသည်။

**ဆီးလမ်းကြောင်း** – ဆီးအိမ်ထဲမှ ဆီးများကို ခန္ဓာကိုယ်ပြင်ပသို့ စွန့်ပေးသည်။

**ဆီးအိမ်** – ဆီးသိုလှောင်ပေးသည်။

**အမျိုးသားလိင်အင်္ဂါ** – ပုံမှန်အားဖြင့်ပျော့ပျောင်း၍ ရေမြှုပ်ကဲ့သို့ရှိနေပြီး ၎င်းမှ ဆီးထွက်သည်။ တစ်ခါတစ်ရံ မာလာတတ်ပြီး ၎င်းကို တောင်မတ်လာခြင်း ဟုခေါ်သည်။

**သုက်ရည်ပြွန်** – ဝှေးစေ့များမှ သုက်ရည်ကို ဆီးလမ်းကြောင်းမှတဆင့် ခန္ဓာကိုယ်ပြင်ပသို့ သယ်ပို့ပေးသည့် ပြွန်နှစ်ခု

**ဝှေးစေ့များ** – အမျိုးသားလိင်အင်္ဂါ အနောက်တွင်ရှိသော လုံးဝန်းသည့်အကျိတ်နှစ်ခုဖြစ်သည်။ အရွယ်ရောက်ချိန်တွင် သုက်ရည်ထုတ်ပေးသည်။

**ကပ္ပါယ်အိတ်** – ဝှေးစေ့များကို ထိန်းထားသည့် ချောင်သောအရေပြားအိတ်ဖြစ်ပြီး ဝှေးစေ့များ၏ အပူချိန်ကို ထိန်းညှိပေးသည်။